**သတင်းထုတ်ပြန်ချက်။**

၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၇) ရက်၊ (အင်္ဂါနေ့)။

ဆက်သွယ်ရန်။ John Perlich (ဖို့တ်ဝိန်းမြို့) ၂၆၀ -၄၂၇-၆၉၅၇

Mike Green (အလန်ကောင်တီ ခရိုင်ရုံး) ၂၆၀-၄၄၉-၇၆၇၁

***ကိုဗစ်-၁၉ ရောဂါကြောင့် မြို့အုပ်ချုပ်ရေးရုံး (citizen square)အား ဗုဒ္ဓဟူးနေ့ မှစတင်၍ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ရဲဌာန နှင့်ခရိုင်ရုံးများရှိသည့် Rousseau Center အား အများပြည်သူဝင်ထွက်ခွင့်မှ ကန့်သတ်မည်ဖြစ်ကြောင်း ကြေညာခြင်း။***

ဖို့တ်ဝိန်းမြို့ ၏ မြို့တော်ဝန် တွန်ဟင်နရီ (Mayor Tom Henry) နှင့် အလန်ကောင်တီ (ခရိုင်) ကော်မရှင်ဘုတ်အဖွဲ့မှ မြို့အုပ်ချုပ်ရေးရုံး (Citizen Square) အား ဗုဒ္ဓဟူးနေ့ မတ်လ ၁၈ ရက်နေ့မှစတင်၍ ပိတ်ထားမည်ဖြစ်သည်။ လက်ရှိတွင် ဧပြီလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဟု စီစဉ်ထားပါသည်။

ထို့အပြင် Rousseau Center အဆောက်အဦးရှိ ရုံးအများစုအားလည်း မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) မှစတင်၍ အများပြည်သူ ဝင်ရောက်ခွင့်အား ကန့်သတ်ထားမည်ဖြစ်သည်။ ယင်းအဆောက်အဦး၏ မြေညီထပ်တွင်ရှိသည့် ရဲဌာနရုံးခန်း၊ ကောင်တီ ရွေးကောက်ပွဲ ဘုတ်အဖွဲ့ရုံး၊ စာရင်းစစ်ရုံး၊ မှတ်တမ်းဌာန၊ ဘဏ္ဍာရေးဆိုင်ရာ ရုံးများမှာအား ကန့်သတ်ချက်များဖြင့် ဖွင့်လှစ်ထားမည်။

အလန်ကောင်တီ (ခရိုင်) အကဲဖြတ်ရုံး၏ လုပ်ဆောင်ရွက်မှုများကို စာရင်းစစ်ရုံးခန်းမှ ယာယီ ပြောင်းရွှေ့ လုပ်ဆောင်မည်ဖြစ်ပြီး ဝိန်း မြို့နယ် အကဲဖြတ် အလုပ်များကိုပါ ပူးတွဲလုပ်ဆောင်ပေးမည် ဖြစ်သည်။ မြေညီထပ် ရှိ စစ်မှုထမ်းဟောင်း အမှုဆောင် များနှင့် တွေ့ဆုံလိုပါက သို့မဟုတ် ၇ ထပ် ရှိ အစိုးရရှေ့နေရုံး သို့ သွားရောက်ရန် လိုအပ်ပါက ကြိုတင်ဖုန်းဆက်၍ ရက်ချိန်းယူရမည်။ Rousseau Center ၏ ၈ ထပ် ရှိ Adult Probation ရုံး မှာ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်မည်။ လက်ရှိတွင် Rousseau Center ရှိရုံးများ ပိတ်ပင်မှုများကို ဧပြီလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဟု စီစဉ်ထားပါသည်။ ဤသို့ ပိတ်ပင်မှုများမှာ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှု ကြောင့် လူမှုအသိုင်းဝိုင်းအတွက် ကာကွယ်ရန်ဖြစ်သည်။

Rousseau Center ရှိ ခရိုင်ရုံးများအတွက် ပေးပို့ရမည့် စာရွက်စာတမ်းများကို အချိန်မီပေးပို့နိုင်ရန် အဆောက်အဦးခန်းမတွင် ဗဟိုစာတိုက်ပုံး ထားရှိမည်။ Citizen Square ရှိ ရုံးသို့ ပေးပို့ရမည့် စာရွက်စာတမ်းများကို ပေးပို့ရန် ဘယ်ရီလမ်းမ တွင်လည်း စာတိုက်ပုံး ထားရှိမည်ဖြစ်သည်။

ထို့အပြင် မြို့ပြစည်ပင် ရုံးများ၊ အပန်းဖြေ ဥယာဉ်၊ ရုက္ခဗေဒ ဥယာဉ် နှင့် မက်ထရို လူမှုဆက်ဆံရေး ကော်မရှင် အစရှိသည့် ရုံးဌာနများအားလည်း ဧပြီလ (၁) ရက်နေ့ထိ ပိတ်ထားမည်ဖြစ်သည်။ ကော်မရှင်အစည်းအဝေးအား ဧပြီလ (၆) ရက်နေ့တွင် ကျင်းပမည်မဟုတ်ပါ။ ဖို့တ်ဝိန်းမြို့တာရိစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာရုံးအား ကန့်သတ်မှုများဖြင့်သာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ မြို့၏ဝဘ်ဆိုဒ် ([www.cityoffortwayne.org](http://www.cityoffortwayne.org)) တွင် ကိုဗစ်-၁၉ ရောဂါပိုးနှင့် စပ်လျဉ်း၍ ပိတ်ပင်မှုများ၊ ကန့်သတ်ထားမှုများအပြင် မြို့နေထိုင်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ အနေဖြင့် ဖို့တ်ဝိန်းအစိုးရရုံးများနှင့် ဆက်ဆံဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာ အစိုးရရုံးများ၏ ကိုင်တွယ်မှုများကိုလည်း ဖော်ပြထားပါသည်။

မြို့ရုံးခွဲများ နှင့် ဌာနများအနေဖြင့် အရေးပေါ်အခြေအနေများကို မဆိုင်းမတွ ကိုင်တွယ်ရန်အတွက် အဆင်သင့် ရှိနေပါသည်။ ရဲ၊ မီးသတ်၊ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး အစရှိသည့် ပြည်သူ့လုံခြုံရေးဌာနများ၊ ရေသန့်စင်ရေး၊ ရေးညစ်ညမ်းမှုထိန်းသိမ်းရေး၊ ရေနှင့် မီလ္လာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေး၊ လမ်းများ ပြုပြင်ဆောက်လုပ်ရေး၊ အမှိုက်နှင့် ပြန်လည်အသုံးပြုပစ္စည်းများ သိမ်းဆည်းရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိုင်တွယ်ဆောင်ရွက်ရေးဌာနများအနေဖြင့် အရေးကြုံသည့်အခါတွင်လည်း လုပ်ငန်းဆောင်တာများအား အပြည့်အဝ ဆောင်ရွက်နိုင်ရန် စီစဉ်ထားမှုမှာ အသင့်ဖြင့်နေကြောင့် သာဓကများဖြစ်သည်။ ထို့အပြင် ၉၁၁ နှင့် ၃၁၁ ဝန်ဆောင်မှုများကို ပုံမှန် အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖို့တ်ဝိန်းမြို့ ဝဘ်ဆိုဒ် [www.cityoffortwayne.org](http://www.cityoffortwayne.org) သို့ဝင်ရောက်ကာ 'အရေးကြီး' "What's Hot" နေရာသို့ ဝင်ရောက်ခြင်းဖြင့် ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားချက်များကို လေ့လာရန်အတွက် ဖိုတ်ဝန်းမြို့တွင်း နေထိုင်သူများအား တိုက်တွန်းအပ်ပါသည်။

အဆိုးဆုံး ဖြစ်လာနိုင်မည့် အခြေအနေအတွက် ဒေသခံအစိုးရအနေဖြင့် အခါအားလျော်စွာ ပြင်ဆင်မှုများ ပြုလုပ်နေပါသည်။ မြို့နှင့် ခရိုင်ရုံးများ အနေဖြင့် ဒေသတွင်းရှိ ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်များ၊ ပြည်နယ် နှင့် ပြည်ထောင်စု အာဏာပိုင်များနှင့် ကျွမ်းကျင်သူများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လူတစ်ဦးနှင့်တစ်ဦးအကြား နီးကပ်စွာ မနေရန်၊ လက်များကို နည်းလမ်းကျစွာ ဆေးကြောသန့်စင်ရန် နှင့် လူစုလူဝေးများ အား ကန့်သတ်ရန် အတွက် တိုက်တွန်းအပ်ပါသည်။